Myanmar Law Information System (MLIS)

**ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်**

**နိုင်ငံတော်ကောင်စီ**

**ရန်ကုန်မြို့**

# ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်း ဥပဒေ

**(၁၉၈၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၆ )**

**ရန်ကုန်မြို့၊ ၁၃၄၆ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်။**

**( ၁၉၈၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)**

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေငြာသည်။

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရ မည်-

(က) **ကိုယ်ပိုင်သင်တန်း** ဆိုသည်မှာ နိုင်ငံတော်က တည်ထောင်ဖွင့်လှစ်ထားသော တက္ကသိုလ်၊ ကော လိပ်၊ သိပ္ပံ၊ ကျောင်း၊ သင်တန်းတွင် သင်ကြားသောဘာသာရပ်ကိုဖြစ်စေ၊နိုင်ငံတော်က ကြီးမှူးကျင်းပ သည့် စာမေးပွဲတစ်ခုခုအတွက် သတ်မှတ်ထားသော ဘာသာရပ်ကိုဖြစ်စေ လူတစ်ဦးသို့မဟုတ် လူအများ က ကိုယ်ပိုင်အကျိုးစီးပွားအလို့ငှာသင်ကြားသည့် ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းကို ဆိုသည်၊

(ခ) **ဘော်ဒါဆောင်** ဆိုသည်မှာ ကိုယ်ပိုင်သင်တန်း၏ သင်တန်းသားများနေထိုင်ရန် စီစဉ်ဖွင့်လှစ်ထား သော အဆောက်အအုံကို ဆိုသည်၊

(ဂ) **သင်တန်းကြေး** ဆိုသည်မှာ  ကိုယ်ပိုင်သင်တန်းတစ်ခုတွင် သင်တန်းသားကပေးရမည့် အခကြေး ငွေကို ဆိုသည်၊

(ဃ) **ကြီးကြပ်ရေးမှူး** ဆိုသည်မှာ ကိုယ်ပိုင်သင်တန်းများ မှတ်ပုံတင်ရေး၊ ကြီးကြပ်ရေး၊ စစ်ဆေးရေး စသည့်ကိစ္စရပ်များအတွက် ပညာရေးဝန်ကြီးဌာနက တာဝန်ပေးအပ်ထားသူကို ဆိုသည်၊

(င) **တည်ထောင်ဖွင့်လှစ်သူ** ဆိုသည်မှာ ကိုယ်ပိုင်သင်တန်းဖွင့်လှစ်ရန် ငွေကြေး၊ မြေယာ၊ အဆောက် အအုံ၊ ပစ္စည်း၊ ပရိဘောဂ၊ အရင်းအနှီး စိုက်ထုတ်ထားသူကိုဖြစ်စေ၊ စီမံခန့်ခွဲရေးကို တာဝန်ယူ ဆောင်ရွက်သူကိုဖြစ်စေ ဆိုသည်၊

(စ) **သင်တန်းဆရာ** ဆိုသည်မှာ ကိုယ်ပိုင်သင်တန်း တစ်ခုတွင် သင်ကြားပြသခွင့်ရရှိထားသူကို ဆို သည်။

## အခန်း (၂)

## မှတ်ပုံတင်ခြင်း၊ ပယ်ဖျက်ခြင်း

၃။ ပညာရေးဝန်ကြီးဌာနသည် မြို့နယ်ပညာရေးမှူးအဆင့် အောက်မနိမ့်သော အခြေခံပညာဦးစီးဌာနမှ သင့်လျော်သည့် ပညာရေးဝန်ထမ်းကို ကြီးကြပ်ရေးမှူးအဖြစ် တာဝန်ပေးအပ်နိုင်သည်။

၄။ ကြီးကြပ်ရေးမှူးသည် ကိုယ်ပိုင်သင်တန်းတည်ထောင်ဖွင့်လှစ်လိုသူက ဖြစ်စေ၊သင်တန်းဆရာအဖြစ် ဆောင်ရွက်လိုသူကဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ တင်သွင်းလာသော လျှောက်လွှာကို စိစစ်၍ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့သို့တင်ပြရမည်။

၅။ မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၄ အရတင်ပြသော လျှောက်လွှာကို စိစစ်၍ ပြည်နယ်သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရမည်။

၆။ ပြည်နယ်သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၅ အရ တင်ပြသော လျှောက်လွှာကိုစိစစ်၍ သင်တန်းဖွင့်လှစ်ရန်သော်လည်းကောင်း၊ သင်တန်းဆရာအဖြစ် ဆောင်ရွက်ရန် သော်လည်းကောင်း ခွင့်ပြုနိုင်သည်။

၇။ ကြီးကြပ်ရေးမှူးသည် ပုဒ်မ ၆ အရ ခွင့်ပြုမိန့်ရရှိသူထံမှ သတ်မှတ်ထားသော မှတ်ပုံတင်ကြေး ကောက်ခံ၍ မှတ်ပုံတင်ပေးရမည်။

၈။ ပြည်နယ်သို့မဟုတ် တိုင်းပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် သက်ဆိုင်ရာ မြို့နယ်ပြည် သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ကိုယ်ပိုင်သင်တန်းမှတ်ပုံတင်ခြင်း၊ သင်တန်းဆရာအဖြစ် မှတ်ပုံ တင်ခြင်းကို ပယ်ဖျက်ရန်တင်ပြချက်နှင့် ပတ်သက်၍ အဆုံးအဖြတ်ပေးရမည်။

## အခန်း(၃)

## ကိုယ်ပိုင်သင်တန်းအတွက် လိုအပ်ချက်များ

၉။ ကိုယ်ပိုင်သင်တန်း တစ်ခုအတွက် သင်ကြားခွင့်ရှိသည့် ဘာသာရပ် အရေအတွက်၊ သင်တန်းသား ဦးရေ၊ တစ်နေ့တွင် သင်ကြားခွင့်ရှိသည့်အကြိမ်၊ မှတ်ပုံတင်ကြေး၊ သင်တန်းကြေးတို့သည် လုပ်ထုံး လုပ်နည်းဖြင့် သတ်မှတ်သည့် အတိုင်းဖြစ်သည်။

၁၀။ ကိုယ်ပိုင်သင်တန်း တစ်ခု၏ အဆောက်အအုံ၊ နေရာထိုင်ခင်း၊ ပရိဘောဂများသည် လုပ်ထုံးလုပ် နည်းဖြင့် သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

၁၁။ တည်ထောင်ဖွင့်လှစ်သူနှင့် သင်တန်းဆရာသည် နိုင်ငံသား ဖြစ်ရမည်။

၁၂။ သင်တန်းဆရာ၏ အရည်အချင်းသည် ပညာရေးဝန်ကြီးဌာနက သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်။

၁၃။ သင်တန်းဆရာသည် သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံရမည့်အပြင် သက်ဆိုင်ရာကြီး ကြပ်ရေးမှူးထံတွင် မှတ်ပုံတင်ပြီးသူ ဖြစ်ရမည်။

## အခန်း (၄)

## တားမြစ်ချက်များ

၁၄။ တည်ထောင်ဖွင့်လှစ်သူသည်-

Myanmar Law Information System (MLIS)

(က) ကိုယ်ပိုင်သင်တန်းတစ်ခုထက် ပိုမို၍ဖွင့်လှစ်ခြင်း မပြုရ၊

(ခ) မှတ်ပုံတင်လျှောက်လွှာတွင် အချက်အလက်များကို မမှန်မကန်ဖော်ပြခြင်း မပြုရ၊

(ဂ) မှတ်ပုံတင်ထားသော အချက်အလက်တစ်ခုခုကို  ပြုပြင်ပြောင်းလဲခြင်း မပြုရ၊

(ဃ) မမှန်မကန် ကြော်ငြာခြင်း မပြုရ၊

(င) နိုင်ငံတော်ပိုင် အဆောက်အအုံတွင် ကိုယ်ပိုင်သင်တန်း ဖွင့်လှစ်ခြင်းမပြုရ။

၁၅။ သင်တန်းဆရာသည်-

(က) ကိုယ်ပိုင်သင်တန်းတစ်ခုထက် ပိုမို၍ သင်ကြားခြင်းမပြုရ၊

(ခ) မှတ်ပုံတင်လျှောက်လွှာတွင် အချက်အလက်များကို မမှန်မကန်ဖော်ပြခြင်း မပြုရ၊

(ဂ) ခွင့်ပြုမိန့်တွင် ပါရှိသော ကိုယ်ပိုင်သင်တန်း တည်ရှိရာဌာနမှအပ အခြားနေရာတွင် သင်ကြားခြင်း မပြုရ။

၁၆။ တည်ထောင်ဖွင့်လှစ်သူက ဖြစ်စေ၊ သင်တန်းဆရာက ဖြစ်စေတိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဘော်ဒါဆောင် ထားရှိခြင်း မပြုရ။

၁၇။ ကိုယ်ပိုင်သင်တန်း တစ်ခုခုကို စာပေးစာယူနည်းဖြင့် ဖြစ်စေ၊ စာပေးစာယူသဘော သက်ရောက် သော နည်းဖြင့်ဖြစ်စေ မည်သူမျှဆောင်ရွက်ခြင်း မပြုရ။

၁၈။ ကိုယ်ပိုင်သင်တန်းအတွက် မည်သူမျှ သင်တန်းမှတ်စု၊ စာအုပ်စာတမ်းကို ရောင်းချခြင်း မပြုရ။

၁၉။ ကိုယ်ပိုင်သင်တန်းတွင် သင်ကြားသော ဘာသာရပ်နှင့် မသက်ဆိုင်ပဲ နိုင်ငံရေး၊ဘာသာရေးနှင့် ပတ် သက်၍ မည်သူမျှ ဟောပြောခြင်း၊ ပို့ချခြင်း မပြုရ။

၂၀။ (က) မှတ်ပုံမတင်ပဲ မည်သူမျှ ကိုယ်ပိုင်သင်တန်း ဖွင့်လှစ်ခြင်း မပြုရ၊

(ခ) မှတ်ပုံတင်မရှိပဲ မည်သူမျှ သင်တန်းဆရာအဖြစ်ဆောင်ရွက်ခြင်း မပြုရ။

၂၁။ ကိုယ်ပိုင်ကျောင်းကို မည်သူမျှ တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

## အခန်း(၅)

## ပြစ်ဒဏ်များ

၂၂။ မည်သူမဆို ပုဒ်မ ၉ အရ သတ်မှတ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်သဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထောင်ဒဏ်သုံးနှစ်နှင့် ငွေဒဏ် ကျပ်သုံးသောင်းကို ကျခံစေရမည်။

၂၃။ မည်သူမဆို ပုဒ်မ ၁၄ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ ပုဒ်မ ၁၅၊ ပုဒ်မ ၁၉ ၊ ပုဒ်မ ၂၀၊ ပုဒ်မ ၂၁ ပါ ပြဋ္ဌာန်း ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ထောင်ဒဏ်သုံးနှစ် နှင့် ငွေဒဏ်ကျပ်သုံးသောင်းကို ကျခံစေရမည်။

၂၄။ မည်သူမဆို ပုဒ်မ ၁၄ ပုဒ်မခွဲ (ဃ)၊ (င)၊ ပုဒ်မ ၁၆၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၈ပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထောင်ဒဏ် နှစ်နှစ်နှင့် ငွေဒဏ်ကျပ် နှစ် သောင်းကို ကျခံစေရမည်။

Myanmar Law Information System (MLIS)

၂၅။ မည်သူမဆို ပုဒ်မ ၁၀ အရ သတ်မှတ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ပြစ်မှုထင် ရှားစီရင်ခြင်းခံရလျှင် ငွေဒဏ်အနည်းဆုံး ကျပ် ငါးထောင်မှ အများဆုံး ကျပ် တစ်သောင်းအထိ ကျခံ စေရမည်။

**အခန်း(၆)**

**အထွေထွေ**

၂၆။ ဤဥပဒေပါပြဋ္ဌာန်းချက်များသည် အောက်ပါတို့နှင့် မသက်ဆိုင်စေရ-

(က) မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီနှင့် လူထု လူတန်းစားအဖွဲ့အစည်းက ဖြစ်စေ၊ နိုင်ငံတော်၏ အာဏာပိုင် အဖွဲ့အစည်း သို့မဟုတ် ဝန်ထမ်း အဖွဲ့အစည်းက ဖြစ်စေတည်ထောင်ဖွင့်လှစ်သော သင်တန်း များ၊

(ခ) ဘာသာရေးသက်သက် သင်ကြားသည့် သင်တန်းများ။

၂၇။ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင်သို့မဟုတ် မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ဝင် သို့မဟုတ် လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင် သို့မဟုတ် မြို့နယ် ပညာရေးမှူးအဆင့် အောက်မနိမ့်သော အခြေခံပညာဦးစီးဌာနမှ ပညာရေးဝန်ထမ်း သို့မဟုတ် ပညာရေး ဝန်ကြီးဌာနက တာဝန်ပေးအပ်သူသည် တစ်ဦးတည်းဖြစ်စေ၊ အဖွဲ့ဖြင့်ဖြစ်စေ ကိုယ်ပိုင်သင်တန်းသို့ ဝင်ရောက်၍ စုံစမ်းမေးမြန်းခြင်း၊ စာရွက်စာတမ်း၊ အမှတ်အသား ပစ္စည်းတောင်းယူစစ်ဆေး ခြင်းတို့ကို ပြုလုပ်နိုင်သည်။

၂၈။ ၁၉၆၃ ခုနှစ်၊ ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေအရ မှတ်ပုံတင်ထားသော ကိုယ်ပိုင်သင်တန်း များကို ယင်းဥပဒေအရ ခွင့်ပြုထားသည့် သက်တမ်းကာလကုန်ဆုံးသည့်အခါ ဆက်လက်ဖွင့်လှစ် လိုပါ က သတ်မှတ်ထားချက်နှင့်အညီ ဤဥပဒေအရ မှတ်ပုံတင်ရမည်။

၂၉။ ဤဥပဒေအရ ဖောက်ဖျက် ကျူးလွန်သော ပြစ်မှုများကို ဤဥပဒေအရသာလျှင် အရေးယူရမည်။

၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်အလို့ငှာ ဝန်ကြီးအဖွဲ့သည် လိုအပ်သော လုပ်ထုံး လုပ်နည်းများကို နိုင်ငံတော်ကောင်စီ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်ရမည်။

၃၁။ ၁၉၆၃ခုနှစ် ၊ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေနှင့် ၁၉၆၃ ခုနှစ်၊ ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် နည်းဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) စန်းယု

ဥက္ကဋ္ဌ၊

နိုင်ငံတော်ကောင်စီ၊

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၄၆ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်။

(၁၉၈၄ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

Myanmar Law Information System (MLIS)

အမိန့်အရ၊
(ပုံ) ဗိုလ်မှူးကြီး တင်လှိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်ကောင်စီရုံး၊
ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်။

Myanmar Law Information System (MLIS)